# ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၃၉ ရက်မြောက်နေ့ အစီအစဉ်

# [ ၂ - ၄ - ၂၀၁၅ ]

# (ကြာသပတေးနေ့)

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၉ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **တရားမမှုများ လျင်မြန်စွာ စီရင်ဆုံးဖြတ်နိုင်ရန် တရားမမှုသီးသန့် စစ်ဆေးစီရင်သော တရားရုံးများ ဖွင့်လှစ်၍ စီမံဆောင်ရွက်သွားရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ဖြူးမြို့နယ်၊ ဇေယျဝတီမြို့၊ ဆင်မော့တော့ဘုရားကြီးလမ်းအရှည် ၄ မိုင်ခန့်ကို ကျောက်ချော လမ်းအဖြစ် ပြုပြင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **လားရှိုးမြို့တွင် အချက်ပြသတိပေးမီးနှင့် မီးပွိုင့်များ တိုးချဲ့တပ်ဆင်ရန် အစီအစဉ် ရှိ/မရှိ နှင့် လက်ရှိအသုံးပြုတပ်ဆင်ထားသည့် မီးပွိုင့်(၄)ခုအနက် ပျက်စီးနေသော မီးပွိုင့်(၃)ခုအား အမြန်ဆုံးပြန်လည်ပြုပြင်ထိန်းသိမ်းသွားရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးပိုးရယ်အောင်သိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **လွိုင်ကော်မြို့နယ် ချိကယ်ကျေးရွာအုပ်စု၊ ချိကယ်ရွာ(ဒေါကလိုးခူရွာ)၏ တောင်ဖက်တွင်ရှိသော ချောင်းခြောက်အား ရေတားတမံ ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့်ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း။

၈။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့်ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၃၉ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၄၀ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။